

စိတ်ကူးချိုချိုအနုပညာ


mmyoe.com

# ကားပုံအမျိုးမျိုး ရေးဆွဲနည်း


လေ့လာသူတစ်ဦး








# ကားပုံအမျိုးမျိုး ရေးဆွဲနည်း



## လေ့လာသူတစ်ဦး

ပန်းချီရုပ်ပုံများ ရေးဆွဲခြင်းဟာ
ဒါကို ဝါသနာပါ စိတ်ဝင်စားတဲ့ ကလေးတွေရော၊
အရွယ်ရောက်ပြီးသူတွေ အတွက်ပါ
ပျော်စရာကောင်းလှတဲ့ အလုပ်တစ်ခု ဖြစ်ပါတယ်။
ပန်းချီရုပ်ပုံများ ရေးဆွဲခြင်းပညာအရ ရိုးရှင်းတဲ့ အဆင့်လေးတွေ
တည်ဆောက်ပေးခြင်းဖြင့် ကြီးမားတဲ့ ရုပ်ပုံကားချပ်တွေကိုပါ
အလွယ်တကူ ဘယ်လိုရေးဆွဲနိုင်တယ် ဆိုတာကို
အဓိကထား ဖော်ပြပေးထားပါတယ်။
ယခုစာအုပ်မှာ ကားတစ်စီးချင်းစီရဲ့
ရုပ်ပုံကားချပ်တွေကို အချောသတ်ဖို့
အဆင့်ဆင့် ဘယ်လို ရေးဆွဲရမယ် ဆိုတာအထိ
အသေးစိတ်ဖော်ပြပေးထားပါတယ်။







LLT0065
1,500.00 KS

mgyoe.com

ကားပုံအမျိုးမျိုးရေးဆွဲနည်း၊ လေ့လာသူတစ်ဦး
အပြင်အဆင် - နိုင်ခွန်အား၊ စာမျက်နှာ ၄၄ မျက်နှာ၊ ၁၈·၅ စင်တီ× ၂၅·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းသာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ နိုဝင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး : ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ကားပုံအမျိုးမျိုးရေးဆွဲနည်း

လေ့လာသူတစ်ဦး

ပထမအကြိမ်၊ ၂၀၀၆

mgyoe.com


mgyoe.com

mgyoe.com

mgyoe.com

# ကားပုံအမျိုးမျိုး ရေးဆွဲနည်း

လေ့လာသူတစ်ဦး



mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| | မိတ်ဆက်စကား | ၃ |
| ၁။ | အဆင့်လိုက်ရေးဆွဲခြင်း | ၅ |
| ၂။ | ထရပ်ကား(Truck) | ၇ |
| ၃။ | စူပါကား(Super Car) | ၁၀ |
| ၄။ | အမြန်မောင်း အပျော်စီးကားငယ် | ၁၃ |
| | (Sports Car) | ၀၀ |
| ၅။ | ပြိုင်ကား(Rally Car) | ၁၆ |
| ၆။ | မော်တော်ဆိုင်ကယ်(Motorcycle) | ၁၉ |
| ၇။ | မော်ဒယ်T (Model T) | ၂၂ |
| ၈။ | Land speed car (မြန်နှုန်းမြင့်ကား) | ၂၅ |
| ၉။ | မိသားစုစီးကား (Family car) | ၂၈ |
| ၁၀။ | သဲသောင်ပြင်စီးကားငယ်(Dune buggy) | ၃၁ |
| ၁၁။ | အပျော်စီးတိုက်ကား (Dodgem) | ၃၄ |
| ၁၂။ | ကာစတမ်ကား (Custom car) | ၃၆ |
| ၁၃။ | 4x4 ခရီးကြမ်းစီးကား | ၃၈ |
| ၁၄။ | ဖော်မြူလာ-၁ ကား | ၄၀ |
| ၁၅။ | ဗန်ကား(Van) | ၄၂ |




## စာရေးသူ၏ တင်ပြချက်

ကားပုံအမျိုးမျိုးရေးဆွဲနည်း စာအုပ်မှာ ပါဝင်သောကားအမျိုးအစား ခေါင်းစဉ်များ အနက် 'Super Car'ကို စူပါကား၊ Sports Car ကို အမြန်မောင်းအပျော်စီး ကားငယ်၊ Land Speed Car ကို မြန်နှုန်းမြင့်ကား၊ Custom Car ကို ကာစတမ်ကားဟု ပြန်ဆို ထားပါသည်။



mgyoe.com

mgyoe.com



# မိတ်ဆက်စကား

ပန်းချီရုပ်ပုံများ ရေးဆွဲခြင်းဟာ ၎င်းကို ဝါသနာပါစိတ်ဝင်စားတဲ့ ကလေးတွေရော၊ အရွယ်ရောက်ပြီးသူတွေအတွက်ပါ ပျော်စရာကောင်းလှတဲ့အလုပ်တစ်ခုဖြစ်ပါတယ်။ ပန်းချီရုပ်ပုံများ ရေးဆွဲခြင်းပညာအရ ရိုးရှင်းတဲ့အဆင့်လေးတွေ တည်ဆောက်ပေးခြင်းဖြင့် ကြီးမားတဲ့ရုပ်ပုံကားချပ်တွေကိုပါ အလွယ်တကူ ဘယ်လိုရေးဆွဲနိုင်တယ်ဆိုတာကို ဤစာအုပ်မှာ အဓိကထားဖော်ပြပေးထားပါတယ်။


သင့်အနေနဲ့ ကားတစ်စီးချင်းစီရဲ့ ရုပ်ပုံကားချပ်တွေကို အချောသတ်ရရှိဖို့ ဘယ်လိုအဆင့်ဆင့်ရေးဆွဲရမယ်ဆိုတာကိုလည်း ဤစာအုပ်မှာ အသေးစိတ်ဖော်ပြပေးထားပါတယ်။

ကားအမျိုးမျိုးရဲ့ ပန်းချီရုပ်ပုံလှလှတွေ ရေးဆွဲနိုင်ဖို့နဲ့ သင်ရေးဆွဲထားတဲ့ပုံတိုင်းကို ထိထိရောက်ရောက်ပုံဖော်ပေးနိုင်ဖို့ (သို့မဟုတ်) သင် စိတ်ကူးရှိထားတဲ့အတိုင်း အထူးပြုလုပ်ချက်တွေ ကောင်းစွာထည့်နိုင်ဖို့အခြေခံကျတဲ့ပစ္စည်းကိရိယာတွေ လုံးဝလိုအပ်ပါတယ်။


သင့်အတွက် လိုအပ်တဲ့ပစ္စည်းတွေကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။




B (သို့မဟုတ်) HB အမျိုးအစားပုံဆွဲခဲတံ
(B or HB pencil)



အရည်အသွေးပြည့်မီသောခဲဖျက်
(Quality eraser)



အမည်းရောင်သက္ကလတ်စထိပ်ချွန်ပါမှင်တံ
(Black felt-tip marker)



အရောင်ပါခဲတံများ (Coloured pencils)

အထက်ဖော်ပြပါ ပစ္စည်းကိရိယာများ အားလုံးအလုံအလောက်ရှိသည်နှင့် ရေးဆွဲခြင်းလုပ်ငန်းကို စတင်နိုင်ပြီဖြစ်ပါတယ်။ သင့်ဖက်က သတိပြုရမယ့်တစ်ချက်ကတော့ အရည်အသွေးနိမ့်ကျလွန်းတဲ့ ပုံဆွဲခဲတံများ၊အရည်အသွေးမပြည့်မီသော ခဲဖျက်များကို ဝယ်ယူသုံးစွဲမိခြင်းမှ အထူးရှောင်ကြဉ်ဖို့ပဲ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com


အကယ်၍ ဈေးနှုန်းချိုသာပြီး အရည်အသွေးညံ့ဖျင်းလွန်းသော ပုံဆွဲခဲတံများကို ဝယ်ယူသုံးစွဲမိပါက ခဲတံကို ချွန်နေစဉ်အချိန်အတွင်းမှာပဲ ခဲသားများအပိုင်းပိုင်း ကျိုးတတ်ခြင်း၊ ရေးဆွဲနေချိန်အတွင်းခဲသားများ ကျိုးတတ်သလို ခဲခြစ်ရာပေးပြီး ကောက်ကြောင်းလိုက်ရာမှာလည်း ပီပြင်ထင်ရှားမှု မရှိဘဲအညံ့စားခဲသားကြောင့် မှေးမှိန်နေတတ်ပါတယ်။

အချို့သော ပုံဆွဲခဲတံပါ ခဲသားတွေဟာ မာဆတ်လွန်းတာကြောင့် ရေးဆွဲချိန်အတွင်းများစွာ အနှောင့်အယှက် ပေးတတ်ပါတယ်။

အရည်အသွေးညံ့ဖျင်းတဲ့ပုံဆွဲခဲတံတွေကို မဝယ်မိအောင် သတိပြုရသလို အရည်အသွေးညံ့ဖျင်းလွန်းတဲ့ ခဲဖျက်တွေကိုဝယ်ပြီး မသုံးမိအောင်လည်း အထူးသတိပြုဖို့လိုပါတယ်။ အရည်အသွေးမမီတဲ့ ခဲဖျက်နဲ့ဖျက်မိတဲ့အခါ ဖျက်လိုက်တဲ့နေရာမှာ ပြောင်စင်သွားခြင်းမရှိဘဲ အစွန်းကွက်လိုမျိုး စွဲထင်ကျန်ရစ်နေတတ်ပါတယ်။

အရည်အသွေးညံ့သော ခဲဖျက်ဖြင့် ဖျက်မိခြင်းကြောင့် ဖြစ်ပေါ်လာတဲ့အစွန်းကွက်ဟာ တစ်ခါတစ်ရံ လုံးဝဖျက်မရတော့တဲ့အထိ စိတ်ဒုက္ခပေးတတ်ပါတယ်။ ဒါကြောင့်စိတ်အနှောင့်အယှက်သက်သက်ကိုသာပေးပြီး ဘာအကူအညီမှ မပေးနိုင်တဲ့ ဈေးပေါတဲ့ပစ္စည်းတွေကို ရှောင်ရှားခြင်းကသာ အကောင်းဆုံးဖြစ်ပါတယ်။

အမည်းရောင်မှင်တံများကို ဝယ်ယူရာမှာလည်း သင်ရေးဆွဲလိုတဲ့ ရုပ်ပုံကားချပ်နဲ့ လိုက်ဖက်မှုရှိတဲ့မှင်တံတွေကိုသာ ရွေးချယ်ဝယ်ယူသင့်ပါတယ်။

အကယ်၍ သင်ရေးဆွဲမယ့်ရုပ်ပုံကားချပ်အတွက် စကေးများများ ယူရမယ်ဆိုရင် ထိပ်ဖျား(ပွိုင့်)ထူထူရှိတဲ့ မှင်တံကို ဝယ်ယူအသုံးပြုရမှာ ဖြစ်ပါတယ်။ တကယ်လို့ သင်က အလယ်အလတ်စကေးနဲ့ ဆွဲမယ်ဆိုရင် မီဒီယမ်ပွိုင့်၊ သေးငယ်တဲ့စကေးနဲ့ ဆွဲမယ်ဆိုရင် 0.3 mm အထိ ပွိုင့်သေးတဲ့မှင်တံကို အသုံးပြုရမှာဖြစ်ပါတယ်။ မှင်တံတွေရဲ့ ပွိုင့်အမျိုးမျိုးကတော့ 0.3 mm, 0.5 mm, 0.7 mm, 0.8 mm တို့ ဖြစ်ပါဘယ်။


mgyoe.com

mgyoe.com




# အဆင့်လိုက်ရေးဆွဲခြင်း

ရေးဆွဲပုံအဆင့်ဆင့်ကို သက်ဆိုင်ရာအဆင့်အလိုက် ထွက်ရှိလာသောပုံတစ်ပုံစီအတွက် ကိန်းဂဏန်းအမှတ်စဉ်များ တွဲဖက်ဖော်ပြပေးထားပါတယ်။

အောက်တွင် ကားတစ်စီး၏ ရုပ်ပုံအချောသပ်ထွက်လာစေဖို့ အဆင့်တစ်ခုစီအလိုက် အစပျိုးပေးထားတဲ့ လိမ္မော်ရောင်ကောက်ကြောင်းများကို တွေ့ရပါတယ်။ သင်က B (သို့မဟုတ်) HB အမျိုးအစားပုံဆွဲခဲတံကို အသုံးပြုပြီး အဆင့်အလိုက် လိုအပ်သောနေရာများကို ဖြည့်စွက်ပါ။


နမူနာပုံများမှာ ဖော်ပြထားတဲ့ အပြာရောက်ကောက်ကြောင်းတွေဟာ သင်က ပြီးခဲ့သောအဆင့်တစ်ခုစီ အတွက် ပြည့်စုံအောင်ဖြည့်စွက်ပေးနိုင်တဲ့သဘောကို ကိုယ်စားပြုထားပါတယ်။

1.




မူလက အစပျိုးပေးထားသည့် လိမ္မော်ရောင်ကောက်ကြောင်းများပုံ

2.




အစပျိုးပေးထားသော လိမ္မော်ရောင် ကောက်ကြောင်းများအား ပြည့်စုံအောင်'အပြာရောင်' ကောက်ကြောင်းများဖြင့် ဖြည့်စွက်ဖော်ပြပေးထားသည့် အပြာရောင်ကောက်ကြောင်းများသည် သင့်ဖြည့်စွက်ရေးဆွဲချက်များ ဖြစ်သည်။


3.



လိမ္မော်ရောင် ကောက်ကြောင်းများအား ပြည့်စုံအောင် အပြာရောင်ကောက်ကြောင်းများဖြင့် ဖြည့်စွက်ပေးထားသည်။ အပြာရောင် ကောက်ကြောင်းများသည် သင့် ဖြည့်စွက်ရေးဆွဲချက်များ ဖြစ်သည်။

4.






အစိတ်အပိုင်းအားလုံးပြည့်စုံသော ကားတစ်စီးဖြစ်လာပုံကို အမည်းရောင်ခဲခြစ်ကောက်ကြောင်းများဖြင့် ရေးဆွဲဖော်ပြပေးထားသည်။ အမှတ်စဉ် ၄ အောက်တွင် ဖော်ပြထားသောကားပုံကို လျင်မြန်သောခဲခြစ်ရာများဖြင့် ပုံဖော်ပေးထားသည်ကို တွေ့ရသည်။

mgyoe.com

 mgyoe.com








ပုံတွင် အဓိကပါဝင်ရမည့် ကောက်ကြောင်းများအား အထင်အရှားရှိနေစေရန် ချန်လှပ်ပေးထားရမှာဖြစ်ပြီး ကျန်သောခဲခြစ်ရာများအား ချောမွေ့သော အနေအထားအထိ ရောက်ရှိအောင် ခဲဖျက်ဖြင့်ညင်သာစွာဖျက်ပေးရပါမည်။

ပုံဆွဲခဲတံ B သို့မဟုတ် HB အမျိုးအစားကို ကိုင်တွယ်အသုံးပြုရခြင်းကြောင့် သင့်လက်ညစ်ပေနိုင်သည်ကိုတော့ ရှောင်လွှဲလို့မရပါ။ သင့်အနေနဲ့ ခဲခြစ်ရာများကို နောက်ပိုင်းပြန်ဖျက်ရာ၌ အခက်အခဲမရှိစေဖို့ ခဲခြစ်ရာပေးနေစဉ်အတွင်း အားဖြင့်ဖိခြစ်ခြင်း မရှိစေရန် သတိပြုပါ။



ဤစာအုပ်မှာ ကားပုံအဆင့်ဆင့် ရေးဆွဲပုံကိုလေးထောင့်ကွက်များဖြင့် ဖော်ပြပေးထားပါတယ်။ သင့်ပုံဆွဲစာအုပ်ထဲမှာ လေးထောင့်ကွက်တွေကို ခဲရာမှိန်မှိန်ဖြင့် ရေးဆွဲပေးပါ။ ထိုအခါပုံပေါ်အောင်ပြန်ဖျက်ရာ၌ လွယ်ကူအဆင်ပြေမှာဖြစ်ပါတယ်။





mgyoe.com

mgyoe.com



# ထရပ်ကား(Truck)


ထရပ်ကားတွေဟာ ဟွန်းသံကျယ်ကျယ်၊ ဘီးကြီးကြီး၊ အင်ဂျင်ကြီးကြီးတွေ ပါဝင်တည်ဆောက်ထားတဲ့ ကျွန်ုပ်တို့ မကြာခဏလမ်းတွေပေါ်တွေ့ရတတ်တဲ့ အကြီးဆုံးသောမော်တော်ယာဉ်တွေ ဖြစ်ပါတယ်။ ထရပ်ကားတွေမှာ ပါဝင်လေ့ရှိတဲ့ဟွန်းတွေဟာ သင့်လက်ချောင်းတွေနဲ့ နှိပ်ရတာထက် လက်နဲ့အောက်ကို ဆွဲချရတဲ့ဟွန်းအမျိုးအစားတွေဖြစ်ပါတယ်။ ကုန်ပစ္စည်းတွေကို တစ်နေရာကနေတစ်နေရာ တင်ပို့သယ်ယူနိုင်ဖို့အတွက် ထရပ်ကားတွေကိုပဲ အဓိကထား အားကိုးရပါတယ်။ အကြီးဆုံးသောထရပ်ကားတစ်စီးအနေနဲ့ တန်ချိန် ၄၀၀ အထိ ကုန်တင်နိုင်တယ်လို့ သိရပါတယ်။




## ထရပ်ကားပုံ ရေးဆွဲနည်းအဆင့်ဆင့်

## 1.


ဘေးတစ်ဖက်ပါပုံတွင် ပြထားသည့်အတိုင်း အရွယ်အစားတူ စတုရန်း ၃ ခု၊ ပါဝင်သောဂရစ်ကွက်အား ကန့်လန့်ဖြတ်ပုံနှင့် အထက်အောက်ပုံ ဖြစ်အောင် ရေးဆွဲပါ။ ထို့နောက် စတုရန်းပုံမကျတကျကောက်ကြောင်းများကိုပုံတွင် (လိမ္မော်ရောင်ဖြင့်) ပြထားသည့်အတိုင်း မှန်ကန်စွာ ရေးဆွဲပေးပါ။




mgyoe.com

mgyoe.com







## 2.


ထရပ်ကားမျက်နှာပြင်၏ ထိပ်ပိုင်းနှင့်
မျက်နှာပြင်ပေါ်ပါရှိရမည့်
အကန့်အကွက်များကို
ပုံပေါ်အောင်ရေးဆွဲပေးပါ။ ထို့နောက်
လေကာမှန်နှစ်ချပ်ကို ပုံပေါ်အောင်
ရေးဆွဲပါ။ ပြီးနောက် ကား၏ဦးခန်းပုံ
ပေါ်လာစေရန် ဘေးတစ်ဖက်တစ်ချက်စီရှိ
ပြတင်းပေါက်များကို
ပုံပေါ်အောင်ရေးဆွဲပေးပါ။





## 3.

ကားခေါင်းပိုင်းကို
ပိုမိုထင်ရှားလာစေဖို့ ရှေ့မီးများ
လိုင်စင်ပလိတ်ပြားများ၊
အိတ်ဇောပိုက်များ၊ ဟွန်းများ၊
မီးများနှင့်လိုအပ်သောပစ္စည်းများကို
အပြည့်အစုံဖြည့်စွက်ပေးပါ။




mgyoe.com

mgyoe.com


# 4.

ယာဉ်နောက်ကြောကို ဖြည့်စွက်ရေး ဆွဲပြီးပါက လက်စသတ်နိုင်ပြီဖြစ်ပါတယ်။ သင်ရေးဆွဲလိုက်သော ထရပ်ကား ဘီးများက ရှည်မျောမျောဖြစ်နေခြင်း၊ ပိန်ပါးလွန်းခြင်း၊ ပြားလွန်းခြင်း ရှိမရှိကို သေချာစွာစစ်ဆေးပေးပါ။ ထရပ်ကား၏ ကိုယ်ထည်တည် ဆောက်ပုံနှင့် သင့်တင့်လိုက်ဖက်သော အရွယ်အစားရှိသည့်ဘီးများဖြစ်ဖို့ လိုပါတယ်။ သင့်တင့်လိုက်ဖက်စွာ ရေးဆွဲနိုင်မှသာ သဘာဝကျပြီး အများလက်ခံနိုင်သော ရုပ်ပုံကားချပ် တစ်ခုဖြစ်လာနိုင်ပါလိမ့်မယ်။







# 5.

သင် ရေးဆွဲပြီးသော ခဲခြစ်ရာကောက်ကြောင်းများကို ခဲဖျက်ဖြင့် အသာအယာ ဖျက်ပေးပါ။ ထို့နောက် လိုအပ်သောအရောင်များ ခြယ်သပေးပါ။ ထရပ်ကားပုံရေးဆွဲခြင်းမှာ ပုံစံအမျိုးမျိုးထားရှိနိုင်ပါတယ်။ သင်ရေးဆွဲသောထရပ်ကားပုံအား ကိုယ်ပိုင်တီထွင်မှုအဖြစ် ရှေ့ဘက်နှင့်ဘေးဘက်ကို ပုံစံပြောင်းရေးဆွဲပေးနိုင်ပါတယ်။

mgyoe.com


mgyoe.com





# စူပါကား(Super Car)

လူအများက ပိုင်ဆိုင်ချင်ကြလို့ စိတ်ကူးယဉ်လေ့ရှိတဲ့ ကားတွေကတော့ စူပါကားတွေပဲ ဖြစ်ပါတယ်။ စူပါကားတွေမှာ စွမ်းအားမြင့်အင်ဂျင်တွေ ပါရှိပြီး အကောင်းဆုံး မောင်းနှင်နိုင်အောင် အချိန်များစွာယူပြီး ဒီဇိုင်းရေးဆွဲထုတ်လုပ်ခဲ့ရတာ ဖြစ်ပါတယ်။ စူပါကားတွေမှာ အယ်ရိုဒိုင်းနမစ် (Aerodynamic) ကိုယ်ထည် ပါရှိတာကြောင့်လည်း လေယာဉ်ပျံတွေလိုမျိုး လေကိုကောင်းစွာ ခွဲနိုင်စွမ်းရှိနေပါတယ်။ စူပါကားတွေဟာ အရမ်းကိုမြန်လွန်းပြီး အရမ်းအရမ်းကိုလည်း ဈေးကြီးလေ့ ရှိပါတယ်။



## စူပါကားပုံ ရေးဆွဲခြင်း






1.

အရွယ်အစားတူစတုရန်း ၄ ခုပါဝင်သော ဂရစ်ကွက်အား ကန့်လန့်ဖြတ်ပုံနှင့်အထက်-အောက် ပုံစံတူနှစ်ပုံရအောင် ရေးဆွဲပါ။ ဂရစ်ကွက်ပေါ်၌ အမြင့်ဆုံးသော အကွေးသဏ္ဍာန်တစ်ခုကို ရေးဆွဲပါ။ ထို့နောက် အောက်ခြေအတွက် အကွေးသဏ္ဍာန်တစ်ခုကို ရေးဆွဲပေးပါ။ ပုံပါအတိုင်း တြိဂံနှစ်ခုရအောင် လိုအပ်သော မျဉ်းများ ဆွဲပေးပါ။ တြိဂံတို့၏ထောင့်များတွင်ရှိသော 'အမျက်'များကို သတိပြုပါ။

mgyoe.com


mgyoe.com





2.

ကား၏အရှေ့ဘက်တွင်ရှိ အစောင်းပုံစံမီးခွက်များနှင့် လေဝင်ပေါက်တို့ကို ပုံပေါ်အောင် ရေးဆွဲပေးပါ။ ကားရှေ့ဘီးတာယာများအား မြင်သာအောင်ရေးဆွဲပေးပါ။ ကားဘီးများအား ဘေးမှတွေ့ရသည့်ပုံပေါ်အောင် ရေးဆွဲပေးပါ။







3.


ကားရှေ့ပိုင်းရှိ တြိဂံများအတွင်း လေဝင်ပေါက်အသေးကလေးများကို ရေးဆွဲပေးပါ။ လေကာမှန်ပုံပေါ်စေဖို့ လုံးဝန်းချောမွတ်သောပုံစံရအောင် ဖြည့်စွက်ရေးဆွဲပေးပါ။ ကား၏ဘေးဘက်အခြမ်းကို ပြည့်စုံအောင်ရေးဆွဲပြီး ဘေးဘက်ခြမ်းအတွက် လေဝင်ပေါက်ပုံရေးဆွဲပေးပါ။

mgyoe.com

mgyoe.com


## 4.

လေကာမှန်၏ အနောက်ဘက်၌ ကားနောက်ပိုင်းပုံပေါ်အောင် အပြီးသတ်ရေးဆွဲပြီး လက်စသတ်ပါ။





## 5.

သင့်စူပါကားပုံပေါ်အောင် ပုံကြမ်းရေးဆွဲပြီးသည်နှင့် ခဲခြစ်ရာကောက်ကြောင်းများကို ခဲဖျက်ဖြင့် ဖျက်ပေးပါ။ သင့်ပုံကြမ်းအား အရောင်တင်ပေးပါ။ အနီရောင်ရှိသောစူပါကားများက မြန်နှုန်းမြင့်ပြီး ကောင်းမွန်စွာ အလုပ်လုပ်နိုင်ကြပါတယ်။ ဒါကြောင့် အနီရောင်ကို စူပါကားနှင့်လိုက်ဖက်သောအရောင်အဖြစ် ရွေးချယ်ပေးပါ။




mgyoe.com

mgyoe.com




# အမြန်မောင်း အပျော်စီးကားငယ် (Sports Car)




အမြန်မောင်းနှင်နိုင်တဲ့ အပျော်စီးကားငယ်တွေကို လျှင်မြန်သော တုံ့ပြန်မှု၊ ကောင်းမွန်သော ထိန်းချုပ်ကိုင်တွယ်နိုင်မှုတွေအတွက် ရည်ရွယ်ပြီး ပုနိမ့်သောပုံစံဖြင့် ထုတ်လုပ်ထားပါတယ်။ အပျော်စီးကားငယ်မှာ အများအားဖြင့် တံခါးနှစ်ချပ်၊ ထိုင်ခုံနှစ်ခုံနဲ့ အမိုးတစ်ခုပါရှိပြီး အမိုးကို လိုအပ်သလို အတင်အချလုပ်ပေးနိုင်ပါတယ်။ အပျော်စီးကားငယ်တွေကို ဇိမ်ခံကားအဖြစ် ထုတ်လုပ်တတ်လေ့ရှိပါတယ်။ နေသာတဲ့ရက်တွေမှာ အပျော်စီးကားငယ်ကို မောင်းရခြင်းက အလွန်ပျော်စရာကောင်းပါတယ်။


## အပျော်စီးကားငယ်ပုံ ရေးဆွဲခြင်း



# 1.

အရွယ်အစားတူ စတုရန်း ၄ ခုပါ ဂရစ်ကွက်အား ကန့်လန့်ဖြတ်ပုံနှင့် အထက်-အောက်ပုံစံတူ ၃ ပုံ ရရှိအောင် ရေးဆွဲပေးပါ။ ကား၏နံဘေးပုံကို ရေးဆွဲပြီး ရှေ့ခြမ်းပုံကို အနည်းငယ်ရေးဆွဲထားပါ။





mgyoe.com